ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး**

(၁၆)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၉ ခုနှစ်၊ နတ်တော်လဆန်း ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက် )**

**[ ကြာသပတေးနေ့ ]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံး ထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း(၂၂၄)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၇၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၇၇.၂၃)ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက်ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးရဲ့ (၁၆)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ အဲဒီအစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော်ကိုယ်စားလှယ်တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၅။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)။** ။ လေးစား အပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ၂၃-၁၁-၂၀၁၇ ရက်နေ့မှာ အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ကိုယ်စား စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသား လွှတ်တော် လွှတ်တော်အခွင့်အရေးကော်မတီ အတွင်းရေးမှူးဖြစ်သူ ကျွန်တော် ဦးမောင်မောင်လတ် က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးသိမ်းဆွေ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ အစိုးရ၏အာမခံချက်များ၊ ကတိ များနှင့်တာဝန်ခံချက်များစိစစ်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး။ ဦးမင်းဆွေနိုင်၊ ကချင် ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဦးဖြေရယ်(ခ)ဦးမြင့်သန်းထွန်း၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါ်ခင်ဆွေလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးဝင်းအောင်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးအောင်ဝင်း၊ တနင်္သာရီတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)၊ ၎င်းအတိုင်း။ ဒေါက်တာမိုးမြင့်အောင်၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးပြုံးလွင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးလှမြင့်(ခ)ဦးလှမြင့်သန်း၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးခင်မောင်လတ်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ် အမှတ်(၃)၊ ၎င်းအတိုင်း။ ဦးဌေးဦး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်နိုင်နိုင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဦးလှဦး၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ အမျိုးသားအဆင့် မူးယစ်ဆေးဝါး ထိန်းချုပ်ရေးမူဝါဒ ဆွေးနွေးပွဲတက်ရောက်။ ဒေါက်တာမြသောင်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ ၎င်းအတိုင်း။ ဒေါ်နော်မြစေး၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ ၎င်းအတိုင်း။ ဒေါက်တာဇော်လင်းထွဋ်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ၎င်းအတိုင်း။ ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)၊ ၎င်းအတိုင်း။ ဒေါက်တာကျော်သန်းထွန်း(ကန်တုန်)၊ မန္တလေးတိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ၎င်းအတိုင်း။ ဒေါ်မမလေး၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ၎င်းအတိုင်း။ ဦးနိုင်သီဟ၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးအောင်ကြည်ညွန့်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဒေသဖွံ့ဖြိုးရေးဆောင်ရွက်ရန်။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ၎င်းအတိုင်း။ ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဒေါ်လှဌေး(ခ) ဒေါ်အုန်းကြည်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။ ဦးသိန်းလွင်၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဒေါ်နွယ်နွယ်အောင်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၊ ၎င်းအတိုင်း။ ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)၊ ၎င်းအတိုင်း။

ဦးအောင်သိန်း၊ ပဲခူးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ၎င်းအတိုင်း။ ဒေါက်တာမျိုးအောင်၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ၎င်းအတိုင်း။ ဗိုလ်မှူးချုပ်တင့်လွင်၊ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း။ ဗိုလ်မှူးကြီးထိန်လင်း၊ တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ်၊ မူးယစ်ဆေးဝါးဆွေးနွေးပွဲသို့ တက်ရောက်။ ဒုတိယဗိုလ်မှူးကြီးတင်လင်းဦး၊ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ ၎င်းအတိုင်း တို့ဖြစ်ကြပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၁၅)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၃၆)ဦးဖြစ်ပြီး၊ စုစုပေါင်း ခွင့်ပန်ကြားသူ (၅၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူ မရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ် ခွင့်ပြုပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာ တင်ပြအပ် ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်းကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသား လွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၅)ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၃၆)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်းခွင့်ပြုထားသူ (၅၁)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(ဩဘာသံများ)

**ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားရမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကုက္ကိုလ်ရွာ + ကျွန်းတုံးရွာ အခြေခံပညာမူလတန်းကျောင်းများကို ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၀။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်း က ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကုက္ကိုလ်ရွာ+ ကျွန်းတုံးရွာ အခြေခံပညာမူလတန်းကျောင်းများကို ကျောင်းဆောင်သစ်ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၀။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုပါတယ်ခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော်မေးလိုတဲ့ မေးခွန်းကတော့ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနဲ့ ကုက္ကိုလ်ရွာ+ကျွန်းတုံးရွာ အခြေခံပညာမူလတန်းကျောင်း(၂)ကျောင်းအား ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ သိရှိလိုခြင်းနှင့်ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မူလတန်းကျောင်း၊ သိမ်ကုန်းကို ၁၉၇၃ ခုနှစ်တွင် ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ပါတယ်။ နှစ်ပေါင်း(၄၀)ကျော်ကာလရှိပြီဖြစ်သည့်အတွက် အမိုးအကာ မလုံခြင်း၊ အခင်းမကောင်းခြင်း၊ တိုင်ခြေရင်းတွေပါ ကျိုးပြတ်မတတ် ဖြစ်နေပါပြီ။ ယင်းအတွက်ကြောင့် ကျောင်းသူ၊ ကျောင်းသားများအတွက် အန္တရာယ်များပါတယ်။ ထိုနည်းတူစွာပဲ ကုက္ကိုလ်+ကျွန်းတုံး မူလတန်း ကျောင်းကို ၁၉၉၅ ခုနှစ်မှာ ကိုယ်ထူကိုယ်ထ ဆောက်လုပ်ခဲ့ပါတယ်။ သားသမီးတွေကို ပညာတတ်စေချင်တဲ့ စိတ်ကြောင့် အဆင်ပြေသလို ဆောက်လုပ်ပြီး ပညာသင်ကြားခဲ့ရပါတယ်။ ယခုအခါ အဆိုပါ ကျောင်းမှာ လည်း အမိုးအကာမလုံခြင်း၊ အခင်းမကောင်းခြင်းတို့ကြောင့် အန္တရာယ်ကျောင်းဆောင် ဖြစ်နေပါပြီ။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်သည် ဖွံ့ဖြိုးရေးနောက်ကျပြီး အဆင်းရဲ ဆုံးပြည်နယ်တစ်ခုဖြစ်ပါတယ်။ အခြေခံအဆောက်အအုံကို သားသမီးများ ပညာတတ်ဖို့၊ သင်ဖို့အတွက် မိဘများမှ တာဝန်ယူဆောက်လုပ်ပြီး သင်ကြားနေရတဲ့အတွက် ဝန်ထုပ်ဝန်ပိုးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ အန္တရာယ်ကျောင်းဆောင်ဖြစ်နေသော သိမ်ကုန်း အ-မ-ကနဲ့ ကုက္ကိုလ် +ကျွန်းတုံး အ-မ-က ကျောင်း(၂)ဆောင်ကို (၆၀x၃၀)ပေ RC တစ်ထပ်ကျောင်းဆောင်ကြီး ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက် (ချင်းဦးစီး)ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးငွန်ဟေး က ချင်းပြည်နယ်၊ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက် (ချင်းဦးစီး)ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးငွန်ဟေး၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော် ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးငွန်ဟေး ဖြစ်ပါတယ်။ ယခု ကျွန်တော် မေးမြန်းမယ့်မေးခွန်းကတော့ ဟားခါးမြို့၊ ဈေးသစ်ရပ်ကွက်(ချင်းဦးစီး)ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ခြင်း ကိစ္စ ဖြစ်ပါတယ်။

လေးစားရပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဟားခါးမြို့၊ ဈေးသစ်(ချင်းဦးစီး) ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် မြန်မာပြည်အနှံ့မှ ရောက်လာကြသော ဌာန ဆိုင်ရာဝန်ထမ်းများ နေထိုင်ရာရပ်ကွက် ဖြစ်သည့်အလျောက် ဝန်ထမ်းများနှင့် သူတို့၏သားသမီးများ၊ နယ်ခံပြည်သူပြည်သားများ၊ မြို့နယ်ခြားမှ လာရောက်ပြောင်းရွှေ့သူများ၏ သားသမီးများ၊ ကျောင်းသူ၊

ကျောင်းသားများ တက်ရောက်ခဲ့သောကျောင်း ဖြစ်ပါသည်။ အဆိုပါ ကျောင်းသည်လည်း ယခု ချင်းပြည်နယ်အစိုးရအဖွဲ့ ရုံးဆောက်ရာတွင် တည်ရှိခဲ့ပြီး ကျွန်တော်သိသလောက်ဆိုရင် ကတိကဝတ်နှင့် မြို့ရဲ့အပြင်ကို ရွှေ့ခဲ့သော်လည်း နေရာ၏ကောင်းခြင်း၊ ဆရာ၊ ဆရာမများလုံလောက်ခြင်း၊ ဟားခါး ကောလိပ်နှင့်နီးခြင်း၊ ပြောင်းရွှေ့လာသူများ နေ့စဉ်နှင့်အမျှ လူဦးရေများပြားလာခြင်း၊ စာသင်ကျောင်း ကလည်း JICA ရဲ့အကူအညီကြောင့် လောလောဆယ် လုံလောက်ခြင်းတို့ကြောင့် ကျောင်းသားများ သည် လျော့ကျခြင်းမရှိဘဲ တိုးတက်လာတာကို ကျွန်တော်တို့ မြင်ရပါတယ်။

ထိုသို့သောအခြေအနေတွေဟာ ပြည့်စုံတယ်လို့ဆိုရသော်လည်း အလယ်တန်းကျောင်းတစ်ခု ၏ အင်္ဂါရပ်နှင့်ညီမှ ထိုကျောင်းတွင် တက်ရောက်နေကြသော ကျောင်းသူ၊ ကျောင်းသားများ၏ စိတ်ဓာတ်ပိုင်းဆိုင်ရာ မြှင့်တင်နိုင်ပြီး အခြားကျောင်းများနှင့် ပခုံးယှဉ်နိုင်မှာဖြစ်ပါတယ်။ ထို့အပြင် နောက်နောင် တိုးတက်လာမည့် ဟားခါးရဲ့ ကျောင်းသူ၊ ကျောင်းသားဦးရေ အရေအတွက်ကြောင့် လည်းကောင်း၊ နိုင်ငံ့ဂုဏ်ဆောင်ကလေးများ၏ ပညာအရည်အချင်း အရည်အသွေး အချက်ကျကျ မြှင့်တင်နိုင်မှုနဲ့ စိတ်ဓာတ်ရေးရာ လုံခြုံဖို့အလို့ငှာ ဝန်ကြီးဌာနကနေ အခက်အခဲမရှိဘူးဆိုရင် ဟားခါးမြို့ ဈေးသစ်(ချင်းဦးစီး)ရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်းအဆင့်သို့ တိုးမြှင့်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းတောင်းခံအပ်ပါတယ် ခင်ဗျား။ အားလုံးကို လေးစားပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ**။　။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၅။**

**ဦးဝင်းမော်ထွန်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။　။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းများနဲ့ ပြည့်စုံပါစေကြောင်း ဦးစွာဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးဝင်းမော်ထွန်း က ရခိုင်ပြည်နယ် အမှတ်(၁၀) မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးကျော်သန်း ရဲ့ မေးခွန်းဖြစ်သော ရခိုင်ပြည်နယ် ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ သိမ်ကုန်းကျေးရွာ အခြေခံပညာမူလတန်းကျောင်းနှင့် ကုက္ကိုလ်ရွာ+ ကျွန်းတုံးရွာ အခြေခံပညာမူလတန်းကျောင်းများကို ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြပါမယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ကိုယ်စားလှယ်တော်ကြီးရဲ့ မဲဆန္ဒနယ်၊ မာန်အောင်မြို့နယ်အတွက် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ကျောင်းဆောင် ဆောက်လုပ်ခြင်းများ ဆောင်ရွက်ရန်

ငွေကျပ်သိန်းပေါင်း (၁၇၉၃)သိန်း ခွဲဝေချထားပေးပြီး ဆောက်လုပ်ရေးဝန်ကြီးဌာနမှ လုပ်ငန်းများ ဆောင်ရွက်နေပြီဖြစ်ပါကြောင်း ရှေးဦးစွာ တင်ပြအပ်ပါတယ်။

ရခိုင်ပြည်နယ်၊ မာန်အောင်မြို့နယ် သိမ်ကုန်းကျေးရွာ အခြေခံပညာအထက်တန်းကျောင်းဟာဆိုရင် (၄၀ x ၃၀)ပေ သွပ်မိုး၊ ပျဉ်ကာတစ်ထပ်ဆောင်သာရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေ အနေနဲ့ (၁၉)ဦးသာ ရှိပါတယ်။ ကုတ္တိုလ်ရွာ+ ကျွန်းတုံးရွာ အခြေခံပညာမူလတန်းကျောင်းဆိုရင်လည်း (၂၅ x ၁၅ )ပေ သွပ်မိုး၊ ပျဉ်ကာ တစ်ထပ်ဆောင်သာရှိပြီး ကျောင်းသား၊ ကျောင်းသူဦးရေအနေနဲ့ (၁၈)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့သော် ကိုယ်စားလှယ်တော်ကြီးတင်ပြတဲ့အတိုင်းပဲ ဒီကျောင်းနှစ်ကျောင်းဟာ သက်တမ်းကြာမြင့်နေတာ မှန်ပါတယ်။ နောက် ခိုင်ခံ့မှုမရှိတော့တာလည်း မှန်ပါတယ်။ နောက် ဥပဓိရုပ်အားဖြင့်လည်း အားနည်းတာဖြစ်ကြောင်း စိစစ်တွေ့ရှိရတဲ့အတွက် ယခုလာမယ့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်မှာ Type C အနေနဲ့ နှစ်ကျောင်းလုံးကို တည်ဆောက်ပေးနိုင်ရေး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း ရိုသေစွာ တင်ပြအပ်ပါတယ်။

ကျွန်တော်ကပဲ ဆက်လက်ပြီး ချင်းပြည်နယ် အမှတ်(၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီး ဦးငွန်ဟေး ၏မေးခွန်းဖြစ်သော ချင်းပြည်နယ်၊ ဟားခါးမြို့ ဈေးသစ်ရပ်ကွက် (ချင်းဦးစီး)ရှိ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာအလယ်တန်းကျောင်းအဆင့်သို့ တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဆိုတဲ့ မေးခွန်းနဲ့ စပ်လျဉ်းပြီး ဖြေကြားတင်ပြမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီးများ ခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကိုယ်စားလှယ်တော်ကြီး၏ မဲဆန္ဒနယ်ဖြစ်သော ဟားခါးမြို့နယ်မှာ အခြေခံပညာမူလတန်းကျောင်း(၁)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)(၃)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၄)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)(၁)ကျောင်း၊ အခြေခံပညာအထက်တန်းကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်းပေါင်း (၁၀)ကျောင်း တိုးမြှင့်ဆောင်ရွက်ပေးခဲ့ပြီး ဖြစ်ပါတယ်။ ဒီ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်း(Sanction) ရရှိရေးအတွက် သတ်မှတ် “မူ” များအနေနဲ့ အလယ်တန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ(၂၄၀)ဦးနှင့်အထက်ရှိခြင်း၊ သို့မဟုတ် လမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသများဖြစ်ပါက ပင်မကျောင်း၊ တစ်ဆင့်မြင့်ကျောင်းနှင့် (၂)မိုင်အထက် ကွာဝေးခြင်း၊ သွားလာရလွယ်ကူသော မြေပြန့်ဒေသဖြစ်ပါက ပင်မကျောင်းနှင့် (၃)မိုင်ခရီးတွင် ရှိရန် လိုအပ်ခြင်း စသည်တို့ သတ်မှတ်ထားပါတယ်။

ကျွန်တော်တို့ စိစစ်ချက်အရ ဟားခါးမြို့နယ်၊ ဈေးသစ်ရပ်ကွက် အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှာ လက်ရှိအားဖြင့် အလယ်တန်းအဆင့်သင်ကျောင်းသား၊ ကျောင်းသူ(၁၃၅)ဦးသာရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

ထို့အပြင် ပင်မကျောင်းဖြစ်တဲ့ ဟားခါးအမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းနှင့် (၁)မိုင်အတွင်းသာ ကွာဝေးကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့်မို့ ချင်းပြည်နယ်၊ ဟားခါးမြို့

ဈေးသစ်ရပ်ကွက် (ချင်းဦးစီး) အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား ဒီလာမယ့်နှစ် ကျောင်းအဆင့် တိုးမြှင့်ခြင်းအတွက် ဦးစားပေးအစီအစဥ်တွင် မပါရှိပါကြောင်းနှင့် လက်ရှိအားဖြင့်လည်း ကျောင်းသူ၊ ကျောင်းသားများအားလုံးသည် အလယ်တန်းပညာရပ်များ သင်ကြားခွင့်ရရှိနေသည့် အခြေအနေတွင် ရှိပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး မိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းချောင်းတစ်လျှောက် ရေတိုက်စားမှု များပြားစွာ ခံစားနေရသော ကျေးရွာများနှင့် ဆည်ရေသောက်မြောင်းများကို ရေတိုက်စားမှု ကင်းဝေးစေရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးဝင်းမောင်က မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းချောင်းတစ်လျှောက် ရေတိုက်စားမှု များပြားစွာ ခံစားနေရသော ကျေးရွာများနှင့် ဆည်ရေသောက်မြောင်းများကို ရေတိုက်စားမှု ကင်းဝေးစေရေး ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၀။**

**ဦးဝင်းမောင်၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးများနဲ့ လွှတ်တော်ကိုယ်စားလှယ်အပေါင်း မင်္ဂလာပါ။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမောင် ဖြစ်ပါတယ်။ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းချောင်း တစ်လျှောက် ရေတိုက်စားမှု များပြားစွာ ခံစားနေရတဲ့ ကျေးရွာများနဲ့ ဆည်ရေသောက်မြောင်းများကို ရေတိုက်စားမှု ကင်းဝေးစေရန် ဆောင်ရွက်ပေးရေးအတွက် အစီအစဥ် ရှိ/မရှိနဲ့ ပတ်သက်ပြီး မေးမြန်းမှာ ဖြစ်ပါတယ်။

မေးမြန်းလိုတဲ့ ကျိုးကြောင်းဖော်ပြချက်ကတော့ လင်းဇင်းချောင်းဟာ စလင်းမြို့နယ် မြောက်ဖျားမှစတင်၍ တောင်အရပ်သို့ စီးဆင်းပြီး လင်းဇင်းတဖက်လွှဲဆည်တွင် အနောက်မှအရှေ့သို့ ဖြတ်သန်းလျှက် ဧရာဝတီမြစ်အတွင်း စီးဆင်းတဲ့ ချောင်းတစ်ချောင်း ဖြစ်ပါတယ်ခင်ဗျား။ နွေအခါမှာ စလင်းတမံက ရေထိန်းသိမ်းထားခြင်းအားဖြင့် ရေစပ်စပ်သာစီးဆင်းသော်လည်း မိုးအခါမှာ ကမ်းလုံး လျှံလာတဲ့ ရေတွေကြောင့် ချောင်းရိုးတစ်လျှောက်မှာရှိတဲ့ ကျေးရွာအတော်များများ ရေတိုက်စားခြင်း၊ ကမ်းပြိုခြင်းဒဏ်ကို ခံစားကြရပါတယ်။ အထူးသဖြင့် ယခုအခါမှာ လင်းဇင်းတဖက်လွှဲဆည်နဲ့ အနီး မှာရှိနေတဲ့ လင်းဇင်းရွာရဲ့မြောက်ဘက်ခြမ်းမှာ ၂၀၁၇ ခုနှစ် မိုးကာလ ရေတိုက်စားမှု များပြားခဲ့တဲ့ အတွက်ကြောင့် ၁၉၃၃ ခုနှစ် အင်္ဂလိပ်လက်ထက်က တည်ဆောက်ခဲ့တဲ့ လင်းဇင်းတစ်ဖက်လွှဲဆည်

ရေမြောင်းလက်တံကြီးက အန္တရာယ်အဆင့်ကို ရောက်ရှိနေပါတယ်။ ဒီရွာလေးဟာ ခုနတုန်းက ကျွန်တော်ပြောတဲ့ လက်တံမြောင်းနဲ့ ဒီချောင်းနဲ့ဟာ ပေ(၆၀၀)ပဲ အကွာလောက်မှာ ခန့်မှန်းခြေ တည်ရှိနေတယ်။ တစ်ဖက်က လက်တံမြောင်း၊ တစ်ဖက်က ရေတိုက်စားမှုကို ခံစားနေရတယ်။ ထို့အတူပဲ ၁၉၃၄ ခုနှစ်က တည်ဆောက်ခဲ့တဲ့ စလင်းမြို့နယ်ရဲ့ မြောင်းလက်တက်ကြီးက ချောင်းတစ်ထပ်၊ အောက်က ချောင်း၊ အပေါ်ကမြောင်း၊ ဒီအပေါ်မှာပေါင်း၊ အဲဒီတံတားဟာလည်း ကမ်းကပ်ခုံအနီးမှာ ၂၉-၉-၂၀၁၇ ရက်နေ့က မိုးရေတိုက်စားမှုကြောင့် ကမ်းကပ်ခုံဟာ စိုးရိမ်ရတဲ့ အနေအထားမှာရှိကြောင်း ကျွန်တော်နဲ့ ဆည်မြောင်းဦးစီးဌာနက တာဝန်ရှိပုဂ္ဂိုလ်တွေ သွားရောက်ပြီး စစ်ဆေးတဲ့အခါမှာ တွေ့ရှိရပါတယ်။ အဆိုပါ မြောင်းလက်တံဟာ လယ်ဧက (၃၈၁၈၄)ဧက အကျိုးပြုနေသလို အကယ်၍ ကြိုတင်မပြုပြင်ပါက ပျက်စီးဆုံးရှုံးသွားမည်ဆိုလျှင် တိုင်းပြည်နဲ့ ပြည်သူများအတွက် များစွာနစ်နာဆုံးရှုံးမယ်လို့ မှတ်ချက်ပြုလိုပါတယ်။ ဒီနေရာမှာ ဖြည့်စွက်ပြောကြားလိုတာကတော့ ကမ်းကပ်ခုံလုပ်တဲ့နေရာမှာ ကျွန်တော်တို့ လမ်းမှာ၊ ချောင်းမှာရှိနေတဲ့ ကျွန်းလေးတွေကို၊ ရေမှာထွန်းနေတဲ့ ကျွန်းလေးတွေကို ရေကြောင်းဖောက်ပေးရင် ပိုပြီးထိရောက်မှာဖြစ်ပါတယ်။ ဒါဘာကြောင့်လဲဆိုလို့ရှိရင် ကျွန်တော်တို့ မင်းဘူး၊ စကုမြို့နယ်ထဲမှာ မန်းချောင်းတံတားအနီးမှာ ဒီလိုပဲ ဘေးနှစ်ဖက်ကို စီးနေတာကို အလယ်ကကျွန်းကို ဖောက်ပေးခဲ့ခြင်းအားဖြင့် ဘေးနှစ်ဖက်ကို စီးဆင်းမှုကို ဟန့်တားနိုင်တဲ့အနေအထား ရှိပါတယ်။ အဲဒီတော့ လေးစားအပ်တဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတာကတော့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းချောင်း ရေတိုက်စားမှု များပြားစွာ ခံစားနေရတဲ့ ကျေးရွာတွေနဲ့ ဆည်ရေသောက်မြောင်းများကို ရေတိုက်စားမှုကင်းဝေးစေရန် ကူညီဆောင်ရွက်ပေးရေး အစီအစဉ် ရှိ/မရှိ ခါတ်ပုံမှတ်တမ်းများ ပူးတွဲပေးပို့ပြီး လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးပါ။

**အချိန်၊ ၁၀း၂၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၄။**

**ဦးလှကျော် (ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းမောင် ရဲ့ မေးခွန်းအပေါ် မကွေးတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့အတူ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပေါင်းစပ်ဖြေကြားပေးမည် ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီး အနေနဲ့ မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ လင်းဇင်းချောင်းတစ်လျှောက် ရေတိုက်စားမှု များပြားစွာ ခံစားနေရတဲ့ ကျေးရွာများနဲ့ ဆည်ရေသောက်မြောင်းတွေ ရေတိုက်စားမှု ကင်းဝေးစေဖို့အတွက် ကူညီဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းပြီး မေးခွန်းမေးမြန်းထားတာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ စလင်းချောင်းဟာ စလင်းမြို့နယ် မြောက်ဖျားက စတင်ပြီး တောင်အရပ်ကို စီးဆင်းလျက်ရှိရာမှာ လင်းဇင်းရေလွှဲဆည်ဟာ အနောက်အရပ်ကနေ အရှေ့အရပ်ကို ဖြတ်သန်းပြီး ဧရာဝတီမြစ်အတွင်း စီးဆင်းတဲ့ချောင်း တစ်ချောင်းဖြစ်ပါတယ်။ စလင်းချောင်း ရေတိုက်စားခြင်းခံရတဲ့အတွက် လင်းဇင်းရွာအနေနဲ့ လင်းဇင်းရေလွှဲဆည် အောက်ဘက်ကပ်ပြီး စလင်းချောင်း ကမ်းပါးပေါ်မှာ တည်ရှိနေပါတယ်။ လင်းဇင်းရေလွှဲဆည်ရဲ့အထက် မိုင်(၂၀)ခန့် အကွာမှာရှိတဲ့ စလင်းတမံနဲ့ လင်းဇင်းရေလွှဲဆည်ကြားမှာ မွဲချောင်း၊ သရူးချောင်းနဲ့ အခြားချောင်းငယ်များ ပေါင်းဆုံပြီး စလင်းချောင်းအတွင်းကို စီးဝင်ပါတယ်။ အဲဒါကြောင့် မိုးရာသီကာလတွေမှာ မိုးသည်းထန်စွာ ရွာသွန်းပါက စလင်းချောင်းအတွင်း ရေစီးဆင်းမှု၊ များပြားမှု ဖြစ်ပေါ်ခဲ့ပါတယ်။ ယခုနှစ်မှာလည်းပဲ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၆ ရက်နေ့မှာ လင်းဇင်းရေလွှဲဆည်အောက်ပိုင်း လင်းဇင်းရွာနံဘေးမှာ ရေတိုက်စားခြင်းခံရကြောင်း တွေ့ရှိရပါတယ်။ အောက်တိုဘာလ ၇ ရက်နေ့မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနက ကွင်းဆင်းစစ်ဆေးခဲ့တဲ့အခါ လင်းဇင်း၊ ရေလွှဲဆည်အောက်ပိုင်း လင်းဇင်းရွာအနီးမှာ အလျား (၁၆၀၀) ပေ၊ အကျယ် (၁၀)ပေ၊ အမြင့် (၁၄)ပေ ခန့်ဟာ ကမ်းပါးပြိုပြီးတော့ လင်းဇင်းရွာကို ဦးတည်တိုက်စားမှု ဖြစ်ပေါ်ခဲ့ကြောင်း တွေ့ရှိရပါတယ်။ ၂၀၁၇ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့မှာ ဆည်မြောင်းနှင့် ရေအသုံးချရေးစီမံခန့်ခွဲမှုဦးစီးဌာနနဲ့ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့ပေါင်းစပ်ပြီး ထပ်မံကွင်းဆင်းစစ်ဆေးခဲ့တဲ့နေရာမှာ လင်းဇင်းရေလွှဲဆည် သဲထုတ်တံခါးပေါက်နဲ့ အတည့်နေရာ စလင်းချောင်းကို ဖြောင့်ပြီး လင်းဇင်းရွာနံဘေးမှာ ကမ်းထိန်းနံရံ တည်ဆောက်ဖို့ လိုအပ်ကြောင်း တွေ့ရှိရပါတယ်။ အခုလို လင်းဇင်းရေလွှဲဆည် သဲထုတ်တံခါးနဲ့ အတည့်နေရာမှာ စလင်းချောင်းကို ဖြောင့်ခြင်းအားဖြင့် လင်းဇင်းရွာကို ဦးတည်တိုက်စားနေတဲ့ ချောင်းရေလမ်းကြောင်းဟာလည်း လျော့နည်းသွားမှာဖြစ်ပါတယ်။ လင်းဇင်းရွာနံဘေးမှာ ကမ်းထိန်းနံရံတည်ဆောက်ပေးခြင်းအားဖြင့်လည်း ကမ်းပါးပြိုကျလို့ ရွာမြေများဆုံးရှုံးမှုမှ ကာကွယ်ပေးနိုင်မှာဖြစ်ပါတယ်။ သို့ဖြစ်တဲ့အတွက် စလင်းချောင်းဖြောင့်ခြင်းနဲ့ လင်းဇင်းရွာ ကမ်းထိန်းနံရံ တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နိုင်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေမှ တောင်းခံပြီး ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားအပ်ပါတယ်။

ထို့အတူ ပေါက်ချောင်းကြီး ဒေသအခေါ် ပေါင်းတစ်ထပ်၊ မြောင်းတစ်ထပ်၊ ချောင်းတစ်ထပ်ဟာ ၁၉၃၄ ခုနှစ်က တည်ဆောက်ခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ စလင်းမြို့နယ်၊ ပေါင်းကူးကျေးရွာအုပ်စု၊ မြေနီကုန်းကျေးရွာအနီး စလင်းမြောင်းမကြီး ပေတိုင်(၃၇၅၀၀)နဲ့ (၃၈၀၀၀)ကြားမှာ ရှိပါတယ်။ ၎င်းအနေနဲ့ ပေါင်းချောင်းကိုဖြတ်ပြီး ယခုနှစ် ၂၀၁၇ ခုနှစ်၊ စက်တင်ဘာလ ၂ ရက်နေ့က မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် အဝင်ပိုင်း ကမ်းထိန်းနံရံဘက်ကို ရေလမ်းကြောင်းဦးတည် တိုက်စားခဲ့မှုရှိကြောင်း တွေ့ရှိရပါတယ်။ ယခုနှစ် အောက်တိုဘာလ ၇ ရက်နေ့မှာ ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနကလည်းကောင်း၊ အောက်တိုဘာလ ၂၃ ရက်နေ့မှာ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနကလည်းကောင်း ထပ်မံကွင်းဆင်း ကြည့်ရှုစစ်ဆေးခဲ့ရာမှာ ပေါင်းချောင်းရဲ့ Flume Aqueduct ဒေသခေါ် (ပေါင်းတစ်ထပ်၊ မြောင်းတစ်ထပ်၊ ချောင်းတစ်ထပ်)

ကမ်းထိန်းနံရံ ရေတိုက်စားမှု ကာကွယ်ဖို့လိုအပ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ သို့ဖြစ်တဲ့အတွက် ပေါင်းချောင်း Flume Aqueduct ကမ်းထိန်းနံရံရေတိုက်စားမှု ကာကွယ်ခြင်းလုပ်ငန်းကို ဆောင်ရွက်ဖို့အတွက် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ ပြည်ထောင်စုရန်ပုံငွေကနေ တင်ပြတောင်းခံပြီး ရန်ပုံငွေ ရရှိပါက ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ဖြေကြားချက်နဲ့ အတူ ပေါင်းစပ်ဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၂၈။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နိုင်ငံ့ဝန်ထမ်း ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် (၂)ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကြည်ဝင်း ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၂၉။**

**ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်ထောင်စုဒုတိယဝန်ကြီး အပါအဝင် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သပါတယ်။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကြည်ဝင်း ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်တဲ့ ဥပဒေကြမ်းကို ကျွန်တော် ဆွေးနွေးမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဈ) ရဲ့နောက်မှာ ပုဒ်မခွဲ(ည) ဖြည့်စွက်ထားတာကို လက်ခံပါတယ်။ ဒါပေမဲ့ (ည) ရဲ့အပိုဒ် (၄) ပြဋ္ဌာန်းချက်ဟာ အစိုးရဌာနနဲ့ အစိုးရ အဖွဲ့အစည်းများ၊ လွှတ်တော်နဲ့ တရားရေးဌာန တာဝန်ထမ်းဆောင်နေသော်လည်း နိုင်ငံ့ဝန်ထမ်းအဖြစ် ခန့်အပ်ထားခြင်း မဟုတ်သောသူများ ဆိုတဲ့ နောက်အပိုဒ်တစ်ပိုဒ်ဟာ ဘယ်လိုဝန်ထမ်းကို ရည်ရွယ်ပြီး ရေးတာလဲ။ နိုင်ငံ့ဝန်ထမ်းအဖြစ် ဘယ်လိုသတ်မှတ်ထားတာလဲ။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်ချက် ဇယားနောက်မှာလည်း တစ်ခါပြန်ကြည့်တဲ့အခါကျတော့ လုပ်ငန်းသဘောသဘာဝအရ သီးခြားခန့်အပ် ထားတာ ဆိုတာကိုပြန်ထည့်ထားတယ်။ ဒါကြောင့်မို့လို့ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ တင်ပြလိုတာက ဥပဒေကြမ်းတစ်ရပ်ဟာ ရှေ့နောက် ညီညွတ်ဖို့လိုတယ်။ Constancy ဖြစ်ရမယ်။ Coherent ခိုင်မာ ရမယ်။ ရှင်းလင်းလွယ်ကူရမယ်။ တိကျပြီးတော့ အများဖတ်ရှု နားလည်ဖို့လိုပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော့်အနေနဲ့ အကြံပြုလိုတာက ဥပဒေပြု ပြဋ္ဌာန်းချက်ကို လက်တွေ့အကောင်အထည်ဖော်တဲ့ အခါမှာ အခက်အခဲဖြစ်စေနိုင်တဲ့ အချက်တွေကို ရှောင်ရပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂ (ည) အဖြစ်နဲ့ ပြင်ဆင်ထားတဲ့ (ည) အပိုဒ် (၆) တည်ဆဲဥပဒေတစ်ရပ်ကို ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ခြင်းခံရသူများ ဆိုပြီးရေးသားထားတာ မှန်ကန်ပါတယ်။ တည်ဆဲဥပဒေဖြစ်တဲ့ ဒီမှာ တည်ဆဲပြဋ္ဌာန်းထားတဲ့ ရာဇသတ်ကြီးဥပဒေ ပုဒ်မ ၂၁ မှာ ပြည်သူ့ဝန်ထမ်းဆိုတာကို အဓိပ္ပာယ်ဖွင့်ထားတယ်။ အဲဒီမှာ ပထမအပိုဒ်ကနေပြီး ဧကဒသမအထိ (၁၁)ချက်ရှိတဲ့အထဲမှာ ဒုတိယအမျိုးအစားထဲမှာ တပ်မတော် ကြည်း၊ ရေ၊ လေ တပ်ပိုင်းဆိုင်ရာ အရာရှိစစ်သည်ကို ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ထားပါသည် ဆိုပြီးတော့ ပြဋ္ဌာန်းထားတဲ့အတွက် ဒီ ကြည်း၊ ရေ၊ လေ တပ်မတော်ဟာ ဝန်ထမ်းထဲမှာပါတယ်။

အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၁၉၅၉ ခုနှစ်၊ တပ်မတော်အက်ဥပဒေ ပုဒ်မ (၃) မှာလည်းပဲ ဒီအတိုင်းပါပဲ။ အဓိပ္ပာယ်ဖွင့်ဆိုချက် (အ)မှာ ရာဇသတ်ကြီးတွင် အဓိပ္ပာယ်ဖော်ပြထားပြီး ဖြစ်၍ အထက်တွင် အဓိပ္ပာယ်ဖော်ပြမထားသော ဤဥပဒေတွင် သုံးနှုန်းထားသည့် စကားလုံးနှင့် စကားရပ်အားလုံး၏ အဓိပ္ပာယ်သည် ထိုရာဇသတ်ကြီးတွင် ဖော်ပြထားသော အဓိပ္ပာယ်များအတိုင်း ဖြစ်သည်ဟု မှတ်ယူရမည်လို့ ပြဋ္ဌာန်းထားတဲ့အတွက်၊ တပ်မတော်ဥပဒေမှာလည်းပဲ ဒီအတိုင်းပဲ။ ကျွန်တော်တို့ ရာဇသတ်ကြီးကိုပဲ ပြန်ညွှန်းထားတဲ့အတွက် တပ်မတော် ကြည်း၊ ရေ၊ လေဟာ ပြည်သူ့ဝန်ထမ်း ဖြစ်တယ်ဆိုတာ ရှင်းပါတယ်။ ဒီနေရာမှာ ကျွန်တော့်အနေနဲ့ ထပ်ပြီးတော့ ဒီဥပဒေ ရေးဆွဲရေးကိစ္စတွေမှာ သတိထားရမှာက ၁၉၇၃ ခုနှစ်၊ စကားရပ်များ အဓိပ္ပာယ်ဖွင့်ဆိုရေး ဥပဒေ ပုဒ်မ ၃ အနက်အဓိပ္ပာယ်ဖွင့်တဲ့ အထဲမှာ (ဂ)မှာ ဥပဒေပြဋ္ဌာန်းချက် တစ်ရပ်ရပ်ရဲ့ အနက်အဓိပ္ပာယ် ဖွင့်ဆိုတဲ့နေရာမှာ အဲဒီဥပဒေရဲ့ မပြဋ္ဌာန်းမီက ရှိရင်းစွဲဖြစ်တဲ့ သက်ဆိုင်ရာဥပဒေများအရ ဖြစ်ပေါ် လျက်ရှိတဲ့ အခြေအနေတွေကို ထည့်သွင်းစဉ်းစားရမယ်လို့ ပြဋ္ဌာန်းတဲ့အတွက် မှန်တယ်၊ အပေါ်ဘက်က လုပ်ခဲ့တာတွေ မှန်ခဲ့တယ်။ ဒါပေမဲ့ ဒီကနေ့ ပြဋ္ဌာန်းလိုက်တဲ့ ဥပဒေကြမ်းဟာ ယခင်ပြင်ဆင်လိုက်တဲ့ ဥပဒေကြမ်း ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့က ပြင်ဆင်လိုက်တဲ့ ပုဒ်မ ၂၊ ပုဒ်မခွဲ(c)ကို အစားထိုး ပြင်ဆင်တဲ့စာသားများဟာ ပုဒ်မတစ်ခုနှင့်တစ်ခု ပဋိပက္ခဖြစ်နေတယ်။ အင်္ဂလိပ်စကားလုံးကတော့ Conflict Of Law လို့လည်း ပြောတယ်။ ရှေ့၊ နောက်မညီဖြစ်နေရင် ၁၉၂၆ ခုနှစ်၊ ပုဒ်မ ၂၊ ပုဒ်မခွဲ အပိုဒ်(c)ကို ပယ်ဖျက်ရပါလိမ့်မယ်။ ပုဒ်မ ၂၊ ပုဒ်မခွဲ(c) ပြဋ္ဌာန်းထားသည့် ဝန်ထမ်းဆိုသည်မှာ ဝန်ထမ်း အဖွဲ့အစည်းတစ်ရပ်ရပ်ရဲ့ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုမှာ ခန့်အပ်ခြင်းခံရတဲ့ နိုင်ငံ့ဝန်ထမ်းကိုဆိုတာ ဟုဆိုလျှင် အဓိပ္ပာယ်က ပြည့်စုံနေပြီ။ အဲဒီရှေ့မှာ ပြဋ္ဌာန်းပြီးပြီ။ ပြည့်စုံနေရဲ့သားနဲ့ ဒီဟာတစ်ခါ ပုဒ်မခွဲ(၆)မှာ ပြဋ္ဌာန်းချက်ဟာ ဆီလျော်ညီညွတ်သွားပြီ။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒါကြောင့် တပ်မတော်သားများနဲ့ မြန်မာနိုင်ငံရဲတပ်ဖွဲ့များဟာ နိုင်ငံ့ ဝန်ထမ်းများ ဖြစ်သော်လည်းပဲ ယင်းတို့၏ လုပ်ငန်းသဘာဝတို့အရ ဤဥပဒေပါ ကိစ္စများနှင့် အကျုံး မဝင်စေရ လို့စာသားကို ပယ်ဖျက်ပေးရပါမယ်။ တပ်မတော်သားများနဲ့ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့များဟာ လုပ်ငန်းသဘောသဘာဝနဲ့ တာဝန်တွေကို မတူသော်လည်းပဲ ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ပုဒ်မ ၂၁ မှာ နိုင်ငံသားတိုင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေ သတ်မှတ်ပြထားတဲ့အတိုင်း တန်းတူညီမျှ အခွင့်အရေး၊ လွတ်လပ်မှုအခွင့်အရေး၊ တရားမျှတမှုအခွင့်အရေးတွေ ရှိတယ်လို့ ပြဋ္ဌာန်းထားတယ်။ ဒါကြောင့်မို့လို့ ဥက္ကဋ္ဌကြီးကို ကျွန်တော်တင်ပြလိုတာက မူလအခွင့်အရေးမှာလည်း ဒီတိုင်းပဲ။ ဖွဲ့စည်းပုံ

အခြေခံဥပဒေ ၃၄၇ မှာလည်းပဲ ဥပဒေအရာမှာ တန်းတူညီမျှဖြစ်ရမယ် ဆိုတာကြောင့် ပြည်သူ့ဝန်ထမ်းဖြစ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေအရ တန်းတူညီမျှတဲ့ အခွင့်အရေးတွေ ရှိရမယ်။ ဒါကြောင့်မို့လို့ မည်သည့်အဖွဲ့အစည်းမျှ အခွင့်ထူးခံစားခွင့် မရှိပါဘူး။ ဒါကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေထဲမှာ နိုင်ငံတော်ရဲ့ ရိက္ခာ၊ လစာစားသူများဟာ နိုင်ငံဝန်ထမ်းများ ဖြစ်ကြပါတယ်။ ဒါကြောင့်မို့လို့ ၁၉၅၉ ခုနှစ်၊ တပ်မတော်ဥပဒေဟာလည်း တည်ဆဲပါပဲ။ တပ်မတော်ဥပဒေနဲ့ သက်ဆိုင်တဲ့ ဥပဒေနဲ့ အခွင့်အရေးတွေကို ပြဋ္ဌာန်းပြီးဖြစ်တယ်။ စစ်မှုထမ်းခြင်းဆိုင်ရာ အကျိုးကျေးဇူးများလည်း ပြဋ္ဌာန်းပြီးဖြစ်တယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေနဲ့ ဆက်စပ်တဲ့ တာဝန်များကိုလည်း နိုင်ငံ့ဝန်ထမ်းအဖြစ် လိုက်နာကြဖို့ လိုအပ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ လွှတ်တော်ထဲမှာ ဥပဒေပြုရေးကိစ္စမှာ ဥပဒေပြုပြီးနောက် စိစစ်ခြင်း၊ ဥပဒေပြုပြီးနောက်ထပ် ပြန်လည်စိစစ်ဖို့လိုပါတယ်။ ဒီကိစ္စအလို့ငှာ အင်္ဂလန်နိုင်ငံမှာလည်း ဒီတိုင်းပဲ။ Western Study မှာ ဥပဒေကိုပြုပြီးရင် ပြန်လည်စိစစ်ဖို့လိုတယ်။ ဒါ Comparative Study of Practise of the Post Registrative လို့ပြောတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တို့ဟာ လွှတ်တော်ကြီးပေါ်မှာ သစ္စာထားသလို၊ မိမိကိုယ်ကိုလည်း သစ္စာထားပါတယ်။ ဥပဒေများရဲ့အပေါ်မှာလည်း သစ္စာထားရပါတယ်။ ဒါကြောင့် အားလုံးကို တန်ဖိုးထား လေးစားခြင်းအားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြင်ဆင်ရန် တင်ပြခြင်းဖြစ်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၃၄။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၄။**

**ဗိုလ်မှူးနိုင်မြင့်(တပ်မတော်သား ကိုယ်စားလှယ်)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူးနိုင်မြင့် ဖြစ်ပါတယ်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့် ဥပဒေနှင့်ပတ်သက်၍ ဆွေးနွေးမှာ ဖြစ်ပါတယ်။ Power Point ဖြင့် တင်ပြခွင့်ပြုပါ။ နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ်၊ မတ်လ ၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၅)ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၎င်းဥပဒေတွင် အခန်း(၁၄)ခန်းနှင့် ပုဒ်မ(၇၆)ခု ပါဝင်ပါတယ်။ ပထမအကြိမ်ပြင်ဆင်သည့် ဥပဒေဟာ ၂၀၁၆ ခုနှစ်၊ ဒီဇင်ဘာလ ၉ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ်(၄၂)ဖြင့် ပြင်ဆင်၍ ပြဋ္ဌာန်းခဲ့ပြီးဖြစ်ပါတယ်။ ယခုထပ်မံ၍ (၁၁)လအကြာ ဒုတိယအကြိမ်ပြင်ဆင်သည့် ဥပဒေမူကြမ်းတွင် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)နှင့် ပုဒ်မ ၇၄ ၏နောက်တွင် ပုဒ်မ ၇၄(က)အား ထပ်မံဖြည့်စွက်ထားခြင်းဖြစ်ကြောင်း တွေ့ရှိရပါတယ်။ ထပ်မံ ဖြည့်စွက်သည့် ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)၊ ပုဒ်မခွဲငယ် ၂ တိုင်း နိုင်ငံရေးရာထူးတွင် ခန့်အပ်ခံရသူများ ပုဒ်မခွဲငယ် ၃ တွင် နိုင်ငံရေးရာထူးတွင် ခန့်အပ်ခြင်းခံရသော ပုဂ္ဂိုလ်များ၏ ချီးမြှင့်ငွေ၊ အဆောင်အယောင်များနှင့် စပ်လျဉ်း၍ ပြဋ္ဌာန်းထားသော ဥပဒေများအရ ခန့်အပ်ထားခြင်း ခံရသူများဟု ဖော်ပြထားရာ နိုင်ငံရေး

ရာထူးဆိုသည့် အဓိပ္ပာယ်ကို မည်သည့်ဥပဒေတွင်မှ ပြဋ္ဌာန်းထားခြင်း၊ အဓိပ္ပာယ်ဖွင့်ဆိုထားခြင်း မရှိသည့်အပြင် နိုင်ငံရေးရာထူးဆိုသည့် ၎င်းစကားရပ်သည် အဓိပ္ပာယ် မပြည့်စုံ၊ မရှင်းလင်းသည့်အတွက် အကယ်၍ ဤဥပဒေကြမ်းကို အတည်ပြု ပြဋ္ဌာန်းမည်ဆိုပါက ယခုထက်ပိုမို၍ ပြည့်ပြည့်စုံစုံ ရေးသားဖော်ပြရန် လိုအပ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

ထို့အပြင် ဤဥပဒေကြမ်း၌ ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ခြင်းသာမက ၎င်းပြည်သူ့ဝန်ထမ်းက ပါဝင်သော အဖွဲ့အစည်းတွင် ပါဝင်သူများ ၎င်းတို့၏ကိုယ်စား လွှဲအပ်ခြင်းခံရသူများ သို့မဟုတ် ထပ်ဆင့်တာဝန်ပေးအပ်ခြင်းခံရသူများကိုပါ ပြည်သူ့ဝန်ထမ်းအဖြစ် သတ်မှတ်ထားပါတယ်။ ပြည်သူ့ဝန်ထမ်းတွင် ခံစားခွင့်များ သတ်မှတ်နိုင်သည်ဟု ဖော်ပြထားရှိပါတယ်။ ယင်းအခွင့်အရေးနှင့် ရပိုင်ခွင့်များကို ထပ်ဆင့်တာဝန်ပေးခြင်းခံရသူအထိ ဆွဲဆန့်ပေးခြင်းမှာ လိုအပ်သည်ထက်ပိုမိုသော ပြဋ္ဌာန်းချက်ဖြစ်တဲ့အတွက် ဖြည့်စွက်ပြဋ္ဌာန်းရန် မသင့်ကြောင်း တင်ပြအပ်ပါတယ်။

နိုင်ငံ့ဝန်ထမ်းနှင့် ပြည်သူ့ဝန်ထမ်းတို့မှာ အဓိပ္ပာယ်အရသာမက လုပ်ငန်းအရပါ သီးခြားစီ ကွဲပြားခြားနားတဲ့ ဝန်ထမ်းနှစ်မျိုးဖြစ်ပါတယ်။ ဥပဒေတစ်ရပ်တွင် စကားရပ်တစ်ခုကို အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် ပါဝင်ကြောင်း ထည့်သွင်းဖော်ပြရခြင်းမှာ အဆိုပါ စကားရပ်ကို ဥပဒေ၏ ပုဒ်မတစ်ခုခုတွင် ထည့်သွင်းပြဋ္ဌာန်းရန် လိုအပ်နေ၍ ဖော်ပြရခြင်းဖြစ်ပါတယ်။ ယခုထပ်မံဖြည့်စွက်မည့် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြည်သူ့ဝန်ထမ်းနှင့်စပ်လျဉ်းသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်သာပါရှိပြီး ဥပဒေပြဋ္ဌာန်းချက်တွင် ဖော်ပြထားခြင်း မရှိပါသဖြင့် ပြည်သူ့ဝန်ထမ်းဟူသော စကားရပ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ထည့်သွင်းအဓိပ္ပာယ်ဖွင့်ဆိုပြဋ္ဌာန်းရန် မလိုအပ်တော့ပါ။ ပြည်သူ့ဝန်ထမ်း စကားရပ်နှင့် စပ်လျဉ်း၍ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အတိအလင်း အဓိပ္ပာယ်ဖွင့်ဆိုထားရှိပြီး ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ စကားလုံးတစ်ခုတည်းကို သီးခြားဥပဒေနှစ်ခုတွင် ထည့်သွင်းပြီး အဓိပ္ပာယ်ဖွင့်ဆိုခြင်း သို့မဟုတ် ပါဝင်ကြောင်း သတ်မှတ်ခြင်း မပြုလုပ်နိုင်သဖြင့် ပြည်သူ့ဝန်ထမ်းစကားရပ်ကို နိုင်ငံ့ဝန်ထမ်းဥပဒေတွင် သီးခြားဖြည့်စွက်ရန် မလိုအပ်တော့ပါ။ ပြည်သူ့ဝန်ထမ်းဆိုသည့် စကားရပ် အဓိပ္ပာယ် ဖွင့်ဆိုချက်အား အဂတိလိုက်စားမှု တိုက်ဖျက်ရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲငယ်(င)တွင်လည်းကောင်း၊ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အချက်(၁၁)ချက်ဖြင့်လည်းကောင်း၊ ယခုအသစ်ဖြည့်စွက်မည့် နိုင်ငံ့ဝန်ထမ်းဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ည)တွင် အချက်(၉)ချက်ဖြင့်လည်းကောင်း အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆိုနေကြောင်း တွေ့ရှိရပါတယ်။

ထိုကဲ့သို့ ပြည်သူ့ဝန်ထမ်းစကားရပ်ကို အဓိပ္ပာယ်အမျိုးမျိုးဖွင့်ဆို၍ သတ်မှတ်မည်ဆိုပါက ပြည်သူလူထုအနေဖြင့် မည်သည့်အဓိပ္ပာယ်ဖွင့်ဆိုချက်ကို အတည်ယူရမှန်းမသိ ဖြစ်စေနိုင်ပါတယ်။ ၎င်းအပြင် ဥပဒေများကျင့်သုံးရာတွင်လည်း ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ်ကို သက်ဆိုင်ရာ ဥပဒေအလိုက် အဓိပ္ပာယ်ဖွင့်ဆိုချက်သည် မဖြစ်သင့်သော ပြဋ္ဌာန်းချက်ဖြစ်ပြီး လိုရာဆွဲသုံးလိုသူများအတွက် အခွင့်အရေးပေးသလို သက်ရောက်နေသဖြင့် ပြဋ္ဌာန်းပြီးဥပဒေများ၏ ခိုင်မာမှုကိုလည်း လျော့နည်းစေနိုင်ပါတယ်။ ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ်ဟာ ရာဇသတ်ကြီးပုဒ်မ ၂၁ တွင် အချက်(၁၁)ချက်ဖြင့် တိကျစွာ ပြဋ္ဌာန်းသတ်မှတ်ထားပြီးဖြစ်ပါတယ်။ ၎င်းအပြင် ယခု ပြဋ္ဌာန်းမည့် နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ် မပါရှိသဖြင့် အကယ်၍ ပြည်သူ့ဝန်ထမ်း အဓိပ္ပာယ်ဖွင့်ဆိုချက်ကို

ယခုကဲ့သို့ ကျယ်ကျယ်ပြန့်ပြန့်ဖွင့်ဆိုလိုပါက ရာဇသတ်ကြီးပုဒ်မ ၂၁ တွင်သာ ဖြည့်စွက်သင့်ပါကြောင်း အကြံပြုတင်ပြအပ်ပါတယ်။

ထို့ကြောင့် ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ်ဟာ နိုင်ငံ့ဝန်ထမ်းဥပဒေတွင် ထပ်မံဖြည့်စွက်ရန် လိုအပ်မည်မဟုတ်ပါကြောင်းနှင့် နိုင်ငံ့ဝန်ထမ်းဥပဒေသည် သီးခြားရပ်တည်လျက်ရှိသော ဥပဒေ တစ်ခုသာ ဖြစ်သင့်ပါကြောင်း အကြံပြုအပ်ပါတယ်။ ပြည်သူ့ဝန်ထမ်းရဲ့ ခံစားခွင့်ကို နိုင်ငံ့ဝန်ထမ်း ဥပဒေ တစ်ခုတည်းဖြင့် သတ်မှတ်၍ မရနိုင်ပါ။ ဥပမာ စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုကို နိုင်ငံတော် သမ္မတ သို့မဟုတ် အစိုးရက ဖွဲ့စည်းပေးခဲ့လျှင် ယင်းအဖွဲ့ရဲ့ကုန်ကျစရိတ်ကို နိုင်ငံတော်သမ္မတ၏ အထူးရန်ပုံငွေ သို့မဟုတ် ပြည်ထောင်စုအစိုးရ သို့မဟုတ် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ် အစိုးရရဲ့ ရန်ပုံငွေမှ ပြဋ္ဌာန်းပေးရမှာ ဖြစ်ပါတယ်။ သို့ဖြစ်ပါ၍ ဥပဒေကြမ်းပါ ပုဒ်မ ၇၄(ဃ)သည် ရန်ပုံငွေသတ်မှတ်ရန် ပြဋ္ဌာန်းပေး၍မရသည့် ပုဒ်မဖြစ်သဖြင့် ဤပုဒ်မကိုလည်း ဖြည့်စွက်ရန် မလိုအပ် ကြောင်း တွေ့ရှိရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ နိဂုံးချုပ်အားဖြင့် နိုင်ငံ့ဝန်ထမ်းဥပဒေသည် ခိုင်ခိုင်မာမာ ရပ်တည်လျက်ရှိသော ဥပဒေဖြစ်သည့်အလျောက် ပြည်သူ့ဝန်ထမ်းဆိုသည့် စကားရပ်နှင့် သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရမှာဖြစ်ပါတယ်။ အသစ်ထပ်မံဖြည့်စွက်သည့် ပုဒ်မများသည် တိကျ ခိုင်မာသော အရေးအသားများမဟုတ်ခြင်း၊ စကားရပ်များသည် ယေဘုယျသဘောဆန်ခြင်း၊ အဓိပ္ပာယ် ပြည့်စုံရှင်းလင်းမှုမရှိခြင်း၊ ပြည်သူ့ဝန်ထမ်းဆိုသည့်စကားရပ်အား ရာဇသတ်ကြီးတွင် အတိအလင်း ပြဋ္ဌာန်းထားပြီးဖြစ်၍ ထပ်မံပြဋ္ဌာန်းရန် မလိုအပ်ခြင်းတို့ကြောင့် နိုင်ငံ့ဝန်ထမ်းဥပဒေ၏ ပုဒ်မ ၂၊ ပုဒ်မခွဲ (ည)နှင့် ပုဒ်မ ၇၄(ဃ)တို့ကို ဖြည့်စွက်ပြဋ္ဌာန်းရန် မသင့်ကြောင်း တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦးရဲ့ ဆွေးနွေးချက်နဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာ ဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား လွှတ်တော်သို့ တင်သွင်းခြင်း

**အချိန်၊ ၁၀း၄၀။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခု ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(က)အရ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)အား အမျိုးသားလွှတ်တော်သို့ တင်သွင်းဖို့ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၁။**

**ဦးလှကျော်(ဒုတိယဝန်ကြီး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ယနေ့ (၁၆)ရက်မြောက်နေ့ အစည်းအဝေးမှာ ၂၀၁၂ ခုနှစ်က ရေးဆွဲပြဋ္ဌာန်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေအပေါ်မှာ အားနည်းချက်များ ပြန်လည်သုံးသပ်ပြီးတော့ ခေတ်ကာလနှင့် လျော်ညီစွာကျင့်သုံး နိုင်ဖို့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်တဲ့ ဥပဒေမူကြမ်း (၂၀၁၇ ခုနှစ်)အား အတည်ပြုပေးနိုင်ဖို့အတွက် တင်ပြသွားမှာ ဖြစ်ပါတယ်။

၂၀၁၂ ခုနှစ် ပြဋ္ဌာန်းခဲ့တဲ့ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေမှာ ပါဝင်တဲ့ လက်ရှိအခြေအနေနဲ့ ကိုက်ညီမှုမရှိတော့သော စကားရပ်များအပေါ်မှာ ပြင်ဆင်နိုင်ရေး၊ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများနှင့်ပတ်သက်၍ စည်းကမ်းချက်များ တိကျစွာ ပြဋ္ဌာန်းနိုင်ရေးနဲ့ ဥပဒေပါ ပြဋ္ဌာန်းချက်များမှာ ခွင့်ပြုမိန့်ရယူခြင်း မရှိဘဲ ဝင်ရောက်လုပ်ကိုင် အသုံးပြုသူများအား တားမြစ် အရေးယူဆောင်ရွက်နိုင်ရန် တိတိကျကျ ပြဋ္ဌာန်းထားခြင်း မရှိသေးတဲ့အတွက် အစားထိုး ဖြည့်စွက် ပြင်ဆင်ရခြင်း ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။

၂၀၁၇ ခုနှစ် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေမူကြမ်း(၂၀၁၇ ခုနှစ်)ဟာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနအနေနဲ့ ပြည်ထောင်စု ရှေ့နေချုပ်ရုံးကို ပေးပို့တင်ပြခဲ့ပြီးဖြစ်လို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးရဲ့ အကြံပြုချက်များနှင့်အညီ ပြင်ဆင်ဆောင်ရွက်ခဲ့ခြင်း ဖြစ်ပါတယ်။ ယင်းအား ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ ၂၃-၈-၂၀၁၇ ရက်နေ့ အစည်းအဝေးအမှတ်စဉ် (၁၆/၂၀၁၇)သို့ တင်ပြသဘောတူ ခွင့်ပြုမှုဖြင့် ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့တင်ပြခြင်း ဖြစ်ပါတယ်။ ပြည်ထောင်စုလွှတ်တော်မှတစ်ဆင့် ယခု အမျိုးသားလွှတ်တော်သို့ ပေးပို့ပြီး ယခု အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီမှာ ဥပဒေမူကြမ်းကို နှစ်ကြိမ်တိုင်တိုင် ဆွေးနွေးညှိနှိုင်းခဲ့ပြီး ဖြစ်တဲ့အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင် သည့် ဥပဒေမူကြမ်း (၂၀၁၇ ခုနှစ်)အား အတည်ပြုပြဋ္ဌာန်းနိုင်ရေးအတွက် အမျိုးသားလွှတ်တော်သို့ အဆိုပြု တင်သွင်းအပ်ပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန် ပေးအပ်သော ကော်မတီဝင်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြား ရှင်းလင်းခြင်း**

**အချိန်၊ ၁၀း၄၃။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၈၇၊ နည်းဥပဒေခွဲ(ခ)အရ မြေလွတ်၊

မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်)နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ စိစစ်တင်ပြခြင်း အစီရင်ခံစာကို ကော်မတီက ဖတ်ကြားရှင်းလင်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဒေါ်နန်းနီနီအေး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)။** ။ လေးစားအပ်ပါသောဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီး၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါရှင်။ ကျွန်မကတော့ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီရဲ့ကိုယ်စား အစီရင်ခံစာကို လွှတ်တော်သို့ ဖတ်ကြားတင်သွင်းမယ့် ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နန်းနီနီအေး ဖြစ်ပါတယ်ရှင်။

**အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ၏**
**မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)**
**အပေါ်စိစစ်တင်ပြခြင်း အစီရင်ခံစာ**

စာအမှတ်၊ ၁/ အမ (ကော်မတီ - ၁) ၁/၂၀၁၇ -၅၉၂
ရက်စွဲ၊ ၂၀၁၇ ခုနှစ်၊ နိုဝင်ဘာလ ၁၅ ရက်

၁။ ပြည်ထောင်စုလွှတ်တော်က မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို အမျိုးသားလွှတ်တော်တွင် စတင်ဆွေးနွေးနိုင်ရန်အတွက် ၂၉-၈-၂၀၁၇ ရက်နေ့တွင် ပေးပို့လာပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးကော်မတီ၊ Land Core Group မှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ တာဝန်ရှိ ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုလွှတ်တော်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ ပညာရှင်တို့နှင့် ၁၂-၁၀-၂၀၁၇ ရက်နေ့နှင့် ၇-၁၁-၂၀၁၇ ရက်နေ့တို့မှာ ဆွေးနွေးညှိနှိုင်းခဲ့ကြပါတယ်။

**လေ့လာတွေ့ရှိချက်**

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်)ကို လေ့လာစိစစ်ရာမှာ-

(က) ဥပဒေရေးထုံးမှန်ကန်မှုရှိစေရန်အတွက် ဥပဒေကြမ်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များအစား မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ပြည့်စုံမှုရှိစေရန်အတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဃ)တွင် ဖော်ပြထားသော စကားရပ်များအစား စီမံခန့်ခွဲရေး ကော်မတီဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် တိုင်းဒေသကြီး သို့မဟုတ်

ပြည်နယ်အဆင့် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီကို ဆိုသည်။ ယင်းစကားရပ်တွင် ပြည်ထောင်စုနယ်မြေ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးကော်မတီလည်း ပါဝင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(င)တွင် ဖော်ပြထားသော စကားရပ်များအစား မြေလွတ်၊ မြေလပ် ဆိုသည်မှာ ယခင်က ပိုင်ဆိုင်လုပ်ကိုင်မှုရှိခဲ့သော်လည်း မြေကို မလုပ်ကိုင်ဘဲ (၂)နှစ်နှင့်အထက် အကြောင်းမဲ့ လှပ်ထားသောမြေများ၊ စွန့်လွှတ်ထားသည့် မြေများ၊ လုပ်ကိုင်သူ မရှိသော စိုက်ပျိုးရေး သို့မဟုတ် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကိုဆိုသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(စ)တွင် ဖော်ပြထားသော ယင်းစကားရပ်တွင် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ ဓာတ်သတ္တုထုတ်လုပ်ခြင်းလုပ်ငန်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများလုပ်ကိုင်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည် ဆိုသည့်စကားရပ်ကို ယင်းစကားရပ်တွင် ဤဥပဒေအရ ဆောင်ရွက်ရန်အလို့ငှာ တရားဝင်ပယ်ဖျက်ပြီးဖြစ်သည့် လက်ရှိစိုက်ပျိုးလုပ်ကိုင် အသုံးပြုခြင်းမရှိသော ကြိုးဝိုင်းသစ်တောမြေ၊ စားကျက်မြေနှင့် အင်းအိုင်မြေများလည်း ပါဝင်သည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၊ ပုဒ်မခွဲ(ဍ)တွင် ဖော်ပြထားသော စကားရပ်များအစား ခွင့်ပြုမိန့် ဆိုသည်မှာ ဤဥပဒေနှင့်အညီ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားခြင်းနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့က လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပြုသည့် အမိန့်ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

(ခ) မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၃၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား နိုင်ငံတော် စီးပွားရေး ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများကို အသုံးပြု၍ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ဓာတ်သတ္တု ထုတ်လုပ်ခြင်း၊ အစိုးရက ခွင့်ပြုထားသော ဥပဒေနှင့် ညီညွတ်သည့် အခြားလုပ်ငန်းများကို ထိရောက်မှန်ကန်စွာ အသုံးချစီမံဆောင်ရွက်နိုင်ရန် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ လယ်ယာမြေ စီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်က အတွင်းရေးမှူးအဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ အစိုးရဌာနအဖွဲ့အစည်းများမှ သင့်လျော်သည့် ပုဂ္ဂိုလ်များနှင့် အခြားသင့်လျော်သော ပုဂ္ဂိုလ်များက အဖွဲ့ဝင်များအဖြစ်လည်းကောင်း ပါဝင်သော မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေး ဗဟိုကော်မတီကို ဖွဲ့စည်းရမည်။ ထိုသို့အခြားသင့်လျော်သော ပုဂ္ဂိုလ်များ ပါဝင်ဖွဲ့စည်းရာတွင် တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမား

အသင်းအဖွဲ့ကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်များ၊ ဥပဒေပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၃၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)နှင့် (ဃ)တို့ကို အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

(ဂ) ဗဟိုကော်မတီသည် တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဆင့် စီမံခန့်ခွဲရေးကော်မတီများကို ဖွဲ့စည်းပေးရမည်။ ထိုသို့ဖွဲ့စည်းရာတွင် သင့်လျော်သည့် ဒေသခံကိုယ်စားလှယ်များ တိုင်းရင်းသားလူမျိုးစု ကိုယ်စားလှယ်များ၊ တောင်သူလယ်သမားအသင်းအဖွဲ့ကိုယ်စားလှယ်များ၊ အရပ်ဖက်ဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးပညာရှင်များ၊ ဥပဒေပညာရှင်များ ထည့်သွင်းဖွဲ့စည်းပေးရမည်။

(ဃ) ပုဒ်မခွဲ (ဂ)အရ ဖွဲ့စည်းထားသော စီမံခန့်ခွဲရေးကော်မတီများကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

(ဂ) မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၅၊ ပုဒ်မခွဲ(ခ)နှင့် ပုဒ်မခွဲ(ဃ)တို့တွင် ဖော်ပြထားသော အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း ဆိုသည့်စကားရပ်ကို အစိုးရဌာန၊ အဖွဲ့အစည်းဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(င)၏နောက်တွင် ပုဒ်မခွဲ(စ)အဖြစ် မြေယာမဲ့နိုင်ငံသားများ၊ လုပ်ကွက်ငယ် တောင်သူလယ်သမားများအတွက်သော်လည်းကောင်း၊ ပြန်လည်နေရာချထားရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက်သော်လည်းကောင်း တာဝန်ယူဆောင်ရွက်သည့် အစိုးရဌာန၊ အဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပုဒ်မ ၈ တွင် ဖော်ပြထားသော စကားရပ်များကို အောက်ပါအတိုင်း အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

"၈။ ဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်၊ လျှောက်ထားသည့် လုပ်ငန်းများကို လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် ပေးခြင်း သို့မဟုတ် ယင်းသို့လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။"

(ဃ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၈ ၏ နောက်တွင် ပုဒ်မ ၈-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည် -

၈-က။ (က) သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် မိမိတို့၏ ခွင့်ပြုပေးနိုင်သည့် ပမာဏအတွက် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများတွင် လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့် လျှောက်ထားသည့် လုပ်ငန်းများကို

လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း သို့မဟုတ် ယင်းသို့လုပ်ပိုင်ခွင့် အသုံးပြုခွင့်ပေးရန် ငြင်းပယ်ခြင်း ပြုနိုင်သည်။

(ခ) စီမံခန့်ခွဲရေးကော်မတီ၏ ငြင်းပယ်ခြင်းကို မကျေနပ်သူသည် ရက်ပေါင်း (၆၀)အတွင်း ဗဟိုကော်မတီသို့ အယူခံဝင်ရောက်နိုင်သည်။

(ဂ) အယူခံဝင်ရောက်ခြင်းအတွက် ဗဟိုကော်မတီ၏ အဆုံးအဖြတ်သည် အပြီးအပြတ်ဖြစ်သည်။

(င) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေပုဒ်မ ၉ တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီနှင့် စီမံခန့်ခွဲရေးကော်မတီတို့သည် ပုဒ်မ ၈ နှင့် ပုဒ်မ ၈-က တို့အရ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်ပေးခြင်း ပြုသည့်အခါ အာမခံကြေးပေးသွင်းစေပြီး ခွင့်ပြုမိန့်ထုတ်ပေးရမည်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၁၀၊ ပုဒ်မခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်း ရာသီသီးနှံတို့အတွက် တစ်ကြိမ်လျှင် ဧက (၃၀၀၀)နှင့်အထက် ဧက (၃၀၀၀၀)ထက်မပိုစေဘဲခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့် ဧက၏ (၇၅)ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက တစ်ကြိမ်လျှင် ဧက (၃၀၀၀၀) ထက် မပိုစေဘဲ စုစုပေါင်း ဧက(၃၀၀၀၀၀)အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော်အကျိုးအလို့ငှာ ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက (၃၀၀၀၀)ထက်ပို၍ ဧက (၃၀၀၀၀၀) အထိ အမှန်တကယ် စိုက်ပျိုးနိုင်မည့် ဧကအား ခွင့်ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ဂ)တွင် ဖော်ပြထားသော စကားရပ်များအစား ဓာတ်သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းတွင် ပြည်ထောင်စုအစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုနိုင်သည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အဆိုပြုပြဌာန်းထားသည့် အပိုဒ် ၆၊ ပုဒ်မ ၁၀ နှင့် ပုဒ်မ ၁၁ တို့ကို မူလဥပဒေအတိုင်း ပြန်လည်ထားရှိသင့်ကြောင်းနှင့် ပုဒ်မ ၁၀ ၏နောက်တွင် ပုဒ်မ ၁၀-က နှင့် ၁၀-ခ တို့အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၀-က။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊မြေလပ်နှင့် မြေရိုင်းများကို စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ယင်းနှင့်ဆက်နွှယ်လျက်ရှိသော စီးပွားရေး လုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ မြေဧရိယာနှင့် စပ်လျဉ်း၍-

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် နှစ်ရှည်ပင်၊ ဥယျာဉ်ခြံသီးနှံနှင့် စက်မှုကုန်ကြမ်းရာသီသီးနှံတို့အတွက် ဧက(၃၀၀၀)အထိ ခွင့်ပြုနိုင်သည်။ ခွင့်ပြုထားပြီးသည့် ဧက (၇၅)ရာခိုင်နှုန်းကို အပြည့်အဝ လုပ်ကိုင်ဆောင်ရွက်ပြီးဖြစ်ပါက တစ်ကြိမ်လျှင် ဧက (၃၀၀၀) ထက် မပိုစေဘဲ စုစုပေါင်းဧက (၃၀၀၀၀)အထိ အကြိမ်ကြိမ်ခွင့်ပြုနိုင်သည်။ နိုင်ငံတော် အကျိုးအလို့ငှာ ခွင့်ပြုသင့်သော လုပ်ငန်းဖြစ်ပါက ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် တစ်ကြိမ်တည်းတွင် ဧက(၃၀၀၀)ထက်ပို၍ ဧက(၃၀၀၀၀)အထိ အမှန်တကယ် စိုက်ပျိုးနိုင်မည့် ဧကအား ခွင့်ပြုနိုင်သည်။

(ခ) ကျေးလက်ဒေသ တောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင် တစ်ပိုင် စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်း လုပ်ကိုင်လိုသူများ အတွက် (၅၀) ဧကထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

၁၀-ခ။ သက်ဆိုင်ရာ စီမံခန့်ခွဲရေးကော်မတီသည် ပုဒ်မ၁၀-က နှင့် ပုဒ်မခွဲ(ခ)အရ လုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသူများအတွက် လိုအပ်သည့် ကူညီပံ့ပိုးမှုများကို ခွင့်ပြုမိန့်ပေးသည်နှင့် တစ်ပါတည်း အစီအစဉ် ချမှတ် ဆောင်ရွက်ပေးရမည်။

(စ) မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေ ပုဒ်မ ၁၁ ၏နောက်တွင် ပုဒ်မ ၁၁-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၁၁-က။ သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို အောက်ဖော်ပြပါ လုပ်ငန်းများအတွက် ခွင့်ပြုသည့်အခါ အချိန်ကာလနှင့် စပ်လျဉ်း၍ -

(က) စိုက်ပျိုးရေးလုပ်ငန်းတွင် -

(၁) နှစ်ရှည်ပင်နှင့် ဥယျာဉ်ခြံသီးနှံဖြစ်လျှင် စတင်ခွင့်ပြုသည့် နှစ်မှ စ၍ နှစ်ပေါင်း ၂၀ ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(၂) ရာသီသီးနှံဖြစ်လျှင် သတ်မှတ်သော စည်းကမ်းချက်များကို ဖောက်ဖျက်ခြင်းမရှိသရွေ့ ခွင့်ပြုရမည်။

(ခ) ကျေးလက်ဒေသတောင်သူလယ်သမားများနှင့် မိသားစုတစ်နိုင် တစ်ပိုင်စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများတွင် စတင်ခွင့်ပြုသည့်နှစ်မှစ၍ နှစ်ပေါင်း(၂၀) ထက်မပိုစေဘဲ ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ(က)၊ ပုဒ်မခွဲငယ်(၁)နှင့် ပုဒ်မခွဲ(ခ)တို့အရ ခွင့်ပြုထားသော သက်တမ်းကုန်ဆုံးပြီးနောက် ဆက်လက်ဆောင်ရွက်လိုသော လုပ်ငန်းအတွက် လုပ်ငန်းအမျိုးအစားပေါ်မူတည်ပြီး ထပ်မံ၍ စုစုပေါင်းနှစ်ပေါင်း(၂၀)ထက်မပိုစေဘဲ အကြိမ်ကြိမ် ခွင့်ပြုနိုင်သည်။

(ဆ) အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၇၊ ပုဒ်မ ၁၇ တွင် ဖော်ပြထားသော စကားရပ်များ အစားဗဟိုကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ လုပ်ပိုင်ခွင့်၊ အသုံးပြုခွင့်နှင့် စပ်လျဉ်း၍ တင်ပြလာသည့်ကိစ္စရပ်များအတွက် စိစစ်သုံးသပ်ခြင်းနှင့် ညှိနှိုင်းဆောင်ရွက်ခြင်းများကို လုပ်ကိုင်နိုင်ရန် သက်ဆိုင်ရာစီမံခန့်ခွဲရေးကော်မတီကို တာဝန်လွှဲအပ်၍လည်းကောင်း၊ သီးခြားအဖွဲ့များ ဖွဲ့စည်း၍လည်းကောင်း လုပ်ငန်းတာဝန်များအား သတ်မှတ်ပေးရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၈၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (က)၊ ပုဒ်မခွဲငယ် (၃) တွင် ဖော်ပြထားသော မူလခွင့်ပြုကာလထက် ကျော်လွန်သည်အထိဆိုသည့်စကားရပ်ကို ပုဒ်မ ၁၆ ၊ ပုဒ်မခွဲ (ခ) အရ ခွင့်ပြုကာလထက် ကျော်လွန်သည်အထိဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မ ၂၂၊ ပုဒ်မခွဲ (ခ) ခြေဆင်းတွင် ဖော်ပြထားသော ရယူလုပ်ကိုင်အသုံးပြုနေခဲ့သော ဆိုသည့်စကားရပ်ကို ရယူလုပ်ကိုင် အသုံးပြုလျက်ရှိသောဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ ပုဒ်မခွဲ(ခ)၊ ပုဒ်မခွဲငယ်(၁) တို့တွင် ဖော်ပြထားသော မိမိရယူလုပ်ကိုင်အသုံးပြုခဲ့သော ဆိုသည့်စကားရပ်ကို မိမိရယူလုပ်ကိုင်အသုံးပြုလျက်ရှိသော ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း အသီးသီး ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဇ) မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေ ပုဒ်မ ၂၅ ၊ ပုဒ်မခွဲ (ဂ) ၏ နောက်တွင် ပုဒ်မခွဲ(ဃ)အဖြစ် ပုဒ်မခွဲ (က)၊ (ခ)နှင့် (ဂ)တို့အရ ဖြေရှင်းဆောင်ရွက်ရာတွင် နှစ်ဖက်သဘောတူညီမှု သို့မဟုတ် တင်ပြမှုအပေါ် မူတည်၍ ခွင့်ပြုမိန့်ကို ပြင်ဆင်ခြင်း၊ ထိုက်သင့်သော လျော်ကြေးငွေ၊ နစ်နာကြေးများ ပေးလျော်စေခြင်း နည်းလမ်းများဖြင့် ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍ လည်းကောင်း၊ အဆိုပြုပြဋ္ဌာန်းထားသည့် အပိုဒ် ၉၊ ပုဒ်မ ၂၇၊ ပုဒ်မခွဲ (ခ)၏နောက်တွင် ပုဒ်မခွဲ(ဂ)အဖြစ် မိမိလုပ်ပိုင်ခွင့် အသုံးပြုခွင့် ရရှိသည့် မြေမဟုတ်သည့် အခြားသူ လုပ်ကိုင်ဆောင်ရွက်နေသော မြေပေါ်တွင် ဝင်ရောက်ကျူးကျော်လုပ်ကိုင်ခြင်း ဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍လည်းကောင်း၊ မူလဥပဒေ ပုဒ်မ ၂၉ ၏ နောက်တွင် ၂၉-က အဖြစ် မူလလုပ်ပိုင်ခွင့်ရရှိထားသူ မည်သူမဆို ပုဒ်မ ၁၆၊ ပုဒ်မခွဲ(ဂ)ပါ စည်းကမ်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို (၂)နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်

ဆိုသည့်စကားရပ်ဖြင့် အသစ်ဖြည့်စွက်၍လည်းကောင်း၊ ပုဒ်မ ၃၀ ၏ နောက်တွင် ပုဒ်မ ၃၀-က အဖြစ် အောက်ပါအတိုင်း အသစ်ဖြည့်စွက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်-

၃၀-က။ အောက်ပါမြေအမျိုးအစားများကို စီမံခန့်ခွဲခြင်းသည် ဤဥပဒေနှင့် သက်ဆိုင်ခြင်းမရှိစေရ-

(က) တည်ဆဲဥပဒေ၊ စည်းမျဉ်းများနှင့်အညီ တောင်ယာလုပ်ပိုင်ခွင့်ပေးအပ်ထားသည့်မြေများ၊

(ခ) ဒေသခံတိုင်းရင်းသားများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာအရ သတ်မှတ်မြေများ၊

(ဂ) အများပြည်သူနှင့် တိုင်းရင်းသားများဆိုင်ရာ ဘာသာရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးတို့နှင့် သက်ဆိုင်သည့်မြေများ။

**ကော်မတီ၏ သဘောထားမှတ်ချက်**

၃။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း (၂၀၁၇ ခုနှစ်) နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ကော်မတီများ၊ အဖွဲ့အစည်းများနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေး ပြင်ဆင်ခဲ့ပြီးဖြစ်ပါသဖြင့် အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

အားလုံးကို ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ ခုနှစ်) အား ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများ စီမံခန့်ခွဲရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း(၂၀၁၇ခုနှစ်)နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက ပြင်ဆင်လိုသည့် အပိုဒ်၊ အပိုဒ်ခွဲအလိုက် အသေးစိတ်ဖော်ပြ လက်မှတ်ရေးထိုးပြီး ၂၈-၁၁-၂၀၁၇(အင်္ဂါနေ့)ထက် နောက်မကျဘဲ အမျိုးသားလွှတ်တော်ရုံး၊ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်း တင်သွင်းနိုင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး နှုတ်ဆက်စကား ပြောကြားခြင်း**

**အချိန်၊ ၁၀း၅၉။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၀)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးဟာ ဒီကနေ့ ပြီးဆုံးပြီ ဖြစ်ပါတယ်။ ဆဋ္ဌမပုံမှန် အစည်းအဝေး ကာလအတွင်း မေးခွန်းများ မေးမြန်းခြင်း၊ အဆိုများ တင်သွင်း ဆွေးနွေးခြင်း၊ ဥပဒေကြမ်းများ အသစ်ရေးဆွဲခြင်း၊ ပြင်ဆင်ခြင်း၊ ရုပ်သိမ်းခြင်းတို့အပြင် ပြည်ထောင်စု လွှတ်တော်တွင် မြန်မာနိုင်ငံရဲ့ ဘဏ္ဍာရေးနှစ် ပြောင်းလဲပြင်ဆင် သတ်မှတ်သည့်ကိစ္စ ၂၀၁၇-၂၀၁၈ ခု၊ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေး ဥပဒေကြမ်းတို့နှင့်စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးစိစစ်ခြင်း ကိစ္စရပ်များကိုလည်း ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးများအနေနဲ့ အစည်းအဝေး ပြီးဆုံးပြီး မိမိတို့ရဲ့ မဲဆန္ဒနယ်မြေ အသီးသီးကို ပြန်ရတော့မှာ ဖြစ်ပါတယ်။ မိမိတို့မဲဆန္ဒနယ်မြေများကို ပြန်လည်ရောက်ရှိတဲ့အခါ မိမိတို့ နယ်မြေဒေသ ဖွံ့ဖြိုးရေးကိစ္စရပ်များ၊ ပြည်သူလူထုရဲ့ မျှော်လင့်ချက်များ၊ ဆန္ဒများကို အကောင်အထည် ဖော်နိုင်ရန်အတွက် မဲဆန္ဒရှင်ပြည်သူများနဲ့တွေ့ဆုံပြီး ဆက်လက်ဆောင်ရွက်ကြရဦးမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ နိုင်ငံရဲ့အကျိုး၊ မဲဆန္ဒရှင် ပြည်သူများရဲ့အကျိုး သယ်ပိုးဆောင်ရွက်နိုင်ကြပါစေကြောင်းနဲ့ မိမိတို့နေရပ်ဒေသသို့ ဘေးမသီရန်မခဘဲ ချောမောစွာ ရောက်ရှိကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါတယ်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး ကျင်းပပြီးစီးကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၁း၀၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၁၁) ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေး အောင်မြင်စွာ ကျင်းပ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဆဋ္ဌမပုံမှန်အစည်းအဝေးကို ၁၁း၀၀ နာရီအချိန် တွင် ရပ်နားပါသည်။]